ကုမ္ပဏီ၏ ဒါရိုက်တာ ဒေါ်အိအိဝင်းက ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် တရုတ်နိုင်ငံသားများဖြစ်သော Mr. Zheng, Huaiguo က ၅၀ %၊ Mr. Zhang, Buzhong က ၄၅ %နှင့် မြန်မာနိုင်ငံသားမိမိက ၅ % ရှယ်ယာထည့်ဝင်ပြီး Jia Long Plastic Products (Myanmar) Co., Ltd. တည်ထောင်ကာ မျှော့ကြိုးနှင့်ပလတ်စတစ်အိတ်များ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မည့်နေရာမှာ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုမြို့၊ မြေကွက်အမှတ်-၂၅၆ တွင်ရှိပြီး မြေဧရိယာမှာ (၁.၃၄၅)ဧကရှိပါကြောင်း၊ မြေပေါ်တွင် ပေ ၈၀ x ၁၂၀ ပေရှိသော တစ်ထပ်အဆောက်အဦ စက်ရုံတစ်လုံးနှင့် ပေ ၂၀ x ၄၀ ပေရှိသော တစ်ထပ်အဆောက်အဦ ရုံးခန်းတစ်လုံးရှိပါကြောင်း၊ လုပ်ငန်းဆောင်ရွက်မည့် စုစုပေါင်းမတည်ငွေရင်းပမာဏမှာ အမေရိကန်ဒေါ်လာ ၃.၂၂ သန်း ဖြစ်ပြီး ထုတ်လုပ်မည့် ကုန်ချောပစ္စည်းများမှာ Plastic Bag နှင့် Knitted Elastic Band တို့ဖြစ်ကြောင်း ရှင်းလင်းတင်ပြပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းမြင့်က ရင်းနှီးမြှုပ်နှံသူများသည် ယခင်က အဆိုပြုလုပ်ငန်းမျိုး လုပ်ကိုင်ဖူးခြင်းရှိ-မရှိ၊ လုပ်ကိုင်ဖူးပါက အတွေ့အကြုံမည်မျှရှိပြီး ကိုယ်ပိုင်စက်ရုံရှိ-မရှိ သိလိုကြောင်း၊ ယခုလုပ်ငန်းဆောင်ရွက်ရာတွင် မည်သည့်နိုင်ငံမှ ကုန်ကြမ်းများတင်သွင်းမည်ကို သိလိုပြီး ကုန်ချော ၁၀၀ %ကို ပြည်တွင်း၌ ရောင်းချမည်ဟု တင်ပြထားသဖြင့် ဈေးကွက်ရှိ-မရှိသိလိုကြောင်း၊ အဆိုပြုချက်ပါ နောက်ဆက်တွဲ-၁၂ ပြည်ပမှတင်သွင်းမည့် နှစ်စဉ်ကုန်ကြမ်းပစ္စည်းလိုအပ်ချက်စာရင်း အမှတ်စဉ်-၄တွင်ဖော်ပြထားသော Latex Thread အား ယခုလုပ်ငန်းတွင် အသုံးပြု၍ရ-မရသိလိုကြောင်း၊ အဆိုပြုချက်တွင် ဖော်ပြထားသော မြေငှားရမ်းသက်တမ်းအား ပြန်လည်စိစစ်ပြင်ဆင်ပေးရန်လိုကြောင်း၊ အမှတ်စဉ်-၂၇တွင် Forklift တစ်စီးလျှင် အမေရိကန်ဒေါ်လာ ၂၇၀ ဒေါ်လာဖြင့် (၅)စီးတင်သွင်းမည်ဟု ဖော်ပြထားသဖြင့် ဈေးနှုန်းနှင့်ပစ္စည်းအမည် ပြန်လည်စိစစ်ပေးရန်လိုကြောင်း၊ နောက်ဆက်တွဲ-(၂-ခ) ပြည်တွင်းဝယ်ယူမည့် မော်တော်ယာဉ်စာရင်းတွင် Toyota အမျိုးအစား (၂)စီးနှင့် Nissan (၁)စီးတင်ပြထားသည်ကို တွေ့ရကြောင်း၊ မြန်မာနိုင်ငံသားဘက်မှ ရင်းနှီးမြှုပ်နှံသူ၏ နိုင်ငံသားစိစစ်ရေးကတ်ရရှိရန် နောက်ဆုံးဆောင်ရွက်ထားရှိမှု အခြေအနေအား ဌာနသို့တင်ပြပေးရန်လိုကြောင်း၊ ယခုလုပ်ငန်းဆောင်ရွက်ရာ၌ ပုံနှိပ်ခြင်းလုပ်ငန်းပါ-မပါသိလိုကြောင်း၊ အဆိုပြုချက်ပါ တင်ပြစာများတွင် ရက်စွဲများ ထည့်သွင်းဖော်ပြပေးရန်၊ လုပ်ငန်းအမျိုးအစား ပြင်ဆင်တင်ပြရန်၊ စာလုံးပေါင်းများမှားနေသည်ကို ပြင်ဆင်ဖော်ပြပေးရန်နှင့် ဝန်ထမ်းသက်သာချောင်ချိရေး ဖော်ပြချက်အပါအဝင်နှင့် နောက်ဆက်တွဲတင်ပြစာများတွင် CMP စနစ်ဖြင့်ဟု ပါဝင်နေသဖြင့် ပြင်ဆင်ဖော်ပြပေးရန်လိုကြောင်း၊ အဆိုပြု

ချက်တွင် လိုအပ်ချက်များအား ရင်းနှီးမြှုပ်နှံမှုဌာနခွဲ-၂နှင့် ဆက်သွယ်ဆောင်ရွက်ပါရန် ဆွေးနွေးပြောကြားပါသည်။

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း အထွေထွေမန်နေဂျာ ဦးအောင်နိုင်ဦးက ကုမ္ပဏီသည် အဆိုပြုချက်ပါ နောက်ဆက်တွဲ-၂တွင် ပြည်ပမှ စက်ပစ္စည်းအသစ်များ တင်သွင်းမည်ဟု ဖော်ပြထားကြောင်း၊ နောက်ဆက်တွဲ-၅တွင် Annual Production & Income Statement ဟု ဖော်ပြထားသဖြင့် Total Production ကိုသာ ဖော်ပြပေးရန်လိုပြီး အမှတ်စဉ်-II A Price နှင့် အမှတ်စဉ်-II B Income ဖော်ပြချက်တို့အား ဌာနမှစိစစ်ပေးရန်မလိုသဖြင့် ဖော်ပြရန်မလိုကြောင်း၊ နောက်ဆက်တွဲ-၁၂ ပြည်ပမှတင်သွင်းမည့် နှစ်စဉ်ကုန်ကြမ်းပစ္စည်း လိုအပ်ချက်စာရင်းတွင် Packing Materials အား ထည့်သွင်းဖော်ပြရန်မလိုဘဲ သီးခြား ဖော်ပြပေးရန်လိုကြောင်း၊ အဆိုပါစာရင်း အမှတ်စဉ်-၄တွင်ဖော်ပြထားသော Latex Thread အား ယခုလုပ်ငန်းတွင် အသုံးပြု၍ရပါကြောင်း၊ ယခုအဆိုပြုလုပ်ငန်းတွင် ထုတ်လုပ်မည့်ကုန်ချောပစ္စည်းမှာ (၂)မျိုးဖြစ်သော်လည်း အသုံးပြုမည့်ကုန်ကြမ်းအမျိုးအစားမှာ တူပါကြောင်း၊ ထုတ်လုပ်မှုပစ္စည်း ကုန်ချောအဆင့်ရောက်မှသာ ကွဲပြားပါကြောင်း၊ လုပ်ငန်းတစ်ခုတည်းသာဖြစ်ပါကြောင်း ဆွေးနွေးပြောကြားပါသည်။

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ခိုင်က လုပ်ငန်းဆောင်ရွက်မည့်နေရာမှာ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ရွှေလင်ပန်းစက်မှုမြို့၊ မြေကွက်အမှတ်-၂၅၆တွင်ရှိပြီး မြေဧရိယာမှာ (၁.၃၄၅)ဧကရှိကြောင်း၊ အဆိုပြုချက်ပါ Form-1 တွင် မြေငှားသက်တမ်းအား ကနဦး (၅)နှစ်နှင့် သက်တမ်းတိုး(၁၀)နှစ် (၂)ကြိမ် ဖော်ပြထားပြီး မြေငှားစာချုပ်(မူကြမ်း)တွင် ကနဦး(၅)နှစ်၊ နောက်(၂၀)နှစ်၊ သက်တမ်းတိုး(၁၀)နှစ် (၂)ကြိမ်ဖြစ်နေ၍ ပြန်လည်စိစစ်ပေးရန်လိုကြောင်း၊ လုပ်ငန်းဆောင်ရွက်မည့်နေရာတွင် ယခင်က မည်သည့်လုပ်ငန်းလုပ်ကိုင်ခဲ့ပြီး ဘေးပတ်ဝန်းကျင်တွင် မည်သည့်စက်ရုံများရှိသည်ကို သိလိုကြောင်း ဆွေးနွေးပြောကြားပါသည်။

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဒုတိယအထွေထွေမန်နေဂျာ (အင်ဂျင်နီယာ) ဦးခင်မောင်သွင်က အဆိုပြုချက်ပါ ပုံစံ-၁၈(ည) နှစ်စဉ်လျှပ်စစ်ဓာတ်အားလိုအပ်ချက်တွင် ၈၅,၀၀၀ kWh/Year ဟုဖော်ပြထားကြောင်း၊ လုပ်ငန်းဆောင်ရွက်မည့်နေရာ၌ စက်ရုံဟောင်းရှိပြီးဖြစ်၍ လျှပ်စစ်ဓာတ်အားရရှိခြင်းရှိ-မရှိသိလိုပြီး တပ်ဆင်ထားသော Transformer Capacity မည်မျှဖြစ်သည်ကို သိလိုကြောင်း၊ နောက်ဆက်တွဲ-၂ ပြည်ပမှတင်သွင်းမည့် စက်ပစ္စည်းစာရင်း အမှတ်စဉ်-၄၀၌ Air Wire 200 KG နှင့် အမှတ်စဉ်-၄၁တွင် Electric Wire 300 KG ဟု ဖော်ပြထားသဖြင့် ဆိုလိုရင်းကိုသိလိုကြောင်း၊ လျှပ်စစ်ပစ္စည်းများတွင် Code Number များရှိပါကြောင်း၊ Accounting Unit အား KG နှင့်မဟုတ်ဘဲ meter နှင့် ဖော်ပြပေးရန်လိုကြောင်း ဆွေးနွေးပြောကြားပါသည်။

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဦးက ယခုလုပ်ငန်းဆောင်ရွက်မည့်နေရာ၌ ယခင်က ပဲခွဲစက်နှင့် ပဲသန့်စင်လုပ်ငန်းကို ဒေါ်မာရီအာရ်ကျွန်း အမည်ဖြင့် မှတ်ပုံတင်ထားပါကြောင်း၊ စက်ရုံအဆောက်အဦအား အသုံးမပြုမီ အတွင်းဝါယာကြိုးများ သွယ်တန်းရမည်ဖြစ်၍ Diagram နှင့်တကွတင်ပြပြီး ကျွမ်းကျင်သူနှင့် တပ်ဆင်ရန်လိုပါကြောင်း၊ အားလုံးပြီးပါက Electrical Inspection ဌာန၏ စစ်ဆေးမှုခံယူရန်လိုကြောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ခွင့်ပြုမိန့်ရရှိပြီး

စက်ရုံစတင်လည်ပတ်ပါက ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင် လျှောက်ထားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာ၌ ဘွိုင်လာအသုံးပြုရန် ရှိ-မရှိသိလိုကြောင်း ဆွေးနွေးပြောကြားပါသည်။

အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသန့်က အဆိုပြုချက်ပါ နောက်ဆက်တွဲ-၂ ပြည်ပမှတင်သွင်းမည့် ပစ္စည်းစာရင်းတွင် Brand Newဟု ဖော်ပြထားသည်ကို တွေ့ရကြောင်း၊ ထိုကဲ့သို့ ဖော်ပြထားပါက အမှန်တကယ်တင်သွင်းသည့်အခါ စက်အသစ်များဖြစ်ရန်လိုပြီး Reconditioned ဖြစ်ပါက သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လိုင်စင်လျှောက်သည့်အခါ စက်ပစ္စည်းများ၏ Country of Origin ၊ Brand Name ၊ Specification တိကျစွာ ဖော်ပြပေးရန်လိုကြောင်း ဆွေးနွေးပြောကြားပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတက်ထွဋ်အောင်က မြေငှားစာချုပ်ချုပ်ဆိုပါက တံဆိပ်ခေါင်းခွန်ပေးဆောင်ရန် ကုမ္ပဏီတွင်တာဝန်ရှိပြီး တစ်နှစ်လျှင် ပျမ်းမျှငှားရမ်းခရငွေ၏ ၃ % ပေးဆောင်ရမည်ဖြစ်ကြောင်း၊ မြေပိုင်ရှင်အနေဖြင့် ရငွေပေါ်တွင် ဝင်ငွေခွန်စည်းကြပ်ခံရမည်ဖြစ်ပြီး မြေငှားရမ်းသူမှ ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ခံရမည်ဖြစ်ကြောင်း၊ ကုမ္ပဏီသည် လုပ်ငန်းစတင်ပါက သက်ဆိုင်ရာ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးနှင့် ဆက်သွယ်ဆောင်ရွက်ပါရန် ဆွေးနွေးပြောကြားပါသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အိအိအောင်က လုပ်ငန်းလည်ပတ်ရန် ပြည်ပဝန်ထမ်းခန့်ထားခြင်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုသက်တမ်းကာလနှင့်အညီ ခွင့်ပြုပေးနေပြီး နိုင်ငံခြားသား မှတ်ပုံတင်ကတ် ထုတ်ပေးနေပါကြောင်း၊ ပြည်တွင်းဝန်ထမ်းခန့်ထားသည့်အခါ အလုပ်သမားဥပဒေအရ သက်ဆိုင်ရာမြို့နယ် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးမှခန့်ထားခွင့်ရှိ၍ ကုမ္ပဏီမှ ဆက်သွယ်ဆောင်ရွက်ရန်လိုကြောင်း၊ အလုပ်သမားများရပိုင်ခွင့်နှင့်ပတ်သက်ပြီး အလုပ်သမားဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ပါရန် ဆွေးနွေးပြောကြားပါသည်။

ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်လတ်က အဆိုပြုချက်ပါ နောက်ဆက်တွဲ-၂ ပြည်ပမှတင်သွင်းမည့် စက်ပစ္စည်းစာရင်း အမှတ်စဉ်-၂၇တွင် Forklifts (၅)စီး ဖော်ပြထားပြီး တစ်စီးလျှင် အမေရိကန်ဒေါ်လာ ၂၇၀ ဒေါ်လာဖော်ပြထားသဖြင့် ဈေးနှုန်းနည်းနေကြောင်း၊ ဌာနအနေဖြင့် Model ၊ Year တို့ပေါ်တွင်မူတည်ပြီး ဈေးနှုန်းသတ်မှတ်ခြင်းဖြစ်၍ ဈေးနှုန်းပြန်လည် စိစစ်ပေးရန်နှင့် အဆိုပါစာရင်းပါ ကျန်ပစ္စည်းများကိုလည်း ဈေးနှုန်းပြန်လည် စိစစ်ပေးရန် လိုကြောင်း၊ မော်တော်ယာဉ်၊ ယာဉ်ယန္တရား တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ ဌာနမှ ၂၀၁၆ Model ကို သတ်မှတ်ထားပါကြောင်း၊ ယခုအခါ တင်သွင်းခြင်းကို MACCS စနစ်ဖြင့် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ လိုင်စင်လျှောက်သည့်အခါ အချက်အလက်ပြည့်စုံစွာ ဖော်ပြရန်လိုပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူများမှ သိလိုသည်များကို One Stop Service (OSS)ရုံးတွင်စုံစမ်းမေးမြန်းနိုင်ပြီး အချို့စက်ပစ္စည်းများမှာ လိုင်စင်လျှောက်ရန်လိုပြီး အချို့ပစ္စည်းများမှာ လိုင်စင်လျှောက်ရန်မလိုသဖြင့် ကုမ္ပဏီသည် သေချာစွာ ခွဲခြားလျှောက်ထားရန်လိုကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.commerce.gov.mm တွင် လိုင်စင်လျှောက်ထားရမည့်ပစ္စည်းစာရင်း တင်ပြထားသဖြင့် ကြည့်ရှုလေ့လာ ဆောင်ရွက်နိုင်ပါကြောင်း ဆွေးနွေးပြောကြားပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်သီတာတင်က ကုမ္ပဏီသည် မျှော့ကြိုးနှင့်ပလတ်စတစ်အိတ်များ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်၍ ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်း (Initial Environmental Examination-IEE)အစီရင်ခံစာ ရေးဆွဲရန်လိုကြောင်း ဆွေးနွေးပြောကြားပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် တွဲဖက်အတွင်းရေးမှူး ဒေါ်မြသူဇာက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ Website တွင် လိုင်စင်လျှောက်ထားရန် လိုအပ်သည့်စက်ပစ္စည်းများစာရင်း ဖော်ပြထားခြင်းရှိ-မရှိ သိလိုကြောင်း၊ အဆိုပါကိစ္စအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊ သက်ဆိုင်ရာဌာနများမှ ရင်းနှီးမြှုပ်နှံသူများအား ကြိုတင်အသိပေးထားရန် လိုပါကြောင်း၊ အဆိုပြုချက်တွင် လုပ်ငန်းအမျိုးအစား ပြင်ဆင်ပေးရန်၊ ပြည်ပမှ နှစ်စဉ်တင်သွင်းမည့် ကုန်ကြမ်းပစ္စည်း လိုအပ်ချက်စာရင်းပြင်ဆင်ပေးရန်နှင့် စီးပွားရေးဆိုင်ရာ တွက်ချက်မှုများကို ပြင်ဆင်ပေးရန်လိုကြောင်း ဆွေးနွေးပြောကြားပါသည်။

၉။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(၁) ဦးဆန်းမြင့်က ကုမ္ပဏီမှ အဓိကလုပ်ကိုင်မည့်လုပ်ငန်းမှာ ပလတ်စတစ်အိတ် သို့မဟုတ် မျှော့ကြိုးဖြစ်သည်ကို သိလိုကြောင်း၊ အဆိုပြုချက်ပါ နောက်ဆက်တွဲ-၁၂ နှစ်စဉ် ပြည်ပမှတင်သွင်းမည့် ကုန်ကြမ်းပစ္စည်းလိုအပ်ချက်စာရင်းတွင် Packing Materials ပါဝင်နေသဖြင့် ဖြုတ်ပေးရန်လိုကြောင်း၊ ကုန်ချော ၁၀၀ % အား ပြည်တွင်း၌ရောင်းချမည်ဟု ဖော်ပြထားသဖြင့် ဈေးကွက်ရှိ-မရှိသိလိုကြောင်း၊ CSR အနေဖြင့် မည်သည့်လုပ်ငန်းများ လုပ်ကိုင်မည်ကို သိလိုပြီး ကမ္ဘောဒီးယားနိုင်ငံ၌ ယခုအဆိုပြုလုပ်ငန်းမျိုး လုပ်ကိုင်သည့် စက်ရုံရှိ-မရှိသိလိုကြောင်း၊ ယခုစက်ရုံအတွက် မည်သည့်နိုင်ငံမှ စက်ပစ္စည်းများ တင်သွင်းမည်ကို သိလိုပြီး အသစ်များဟုတ်-မဟုတ်သိလိုကြောင်း၊ လုပ်ငန်းဆောင်ရွက်မည့်နေရာတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မည်ကဲ့သို့စီစဉ်ထားသည်ကို သိလိုပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်နှင့် CSR Plan တို့ကိုသေချာစွာရှင်းပြနိုင်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပါသည်။

၁၀။ ကုမ္ပဏီ၏ ဒါရိုက်တာ ဒေါ်အိအိဝင်းက ယခုဖက်စပ်ကုမ္ပဏီတွင်ပါဝင်သည့် ပြည်ပမှရင်းနှီးမြှုပ်နှံသူများမှာ ကမ္ဘောဒီးယားနိုင်ငံ၌ ယခုအဆိုပြုလုပ်ငန်းမျိုး လုပ်ကိုင်သည့်စက်ရုံရှိပြီး လုပ်ငန်းအတွေ့အကြုံ (၁၀)နှစ်ရှိပါကြောင်း၊ ယခုမြန်မာနိုင်ငံတွင် အဆိုပြုလုပ်ငန်းကို ကျွမ်းကျင်စွာလုပ်ကိုင်နိုင်သည့် ဝန်ထမ်းများနှင့်တိုင်ပင်ပြီး မည်ကဲ့သို့လုပ်ကိုင်လိုသည်ကိုပြောပြကာ လုပ်ကိုင်နေပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံရှိ အထည်ချုပ်စက်ရုံအများစုမှာ မြန်မာနိုင်ငံတွင် လာရောက်လုပ်ကိုင်နေကြသဖြင့် အဓိကဈေးကွက်အနေနှင့် အထည်ချုပ်လုပ်ငန်းသုံး ပလတ်စတစ်အိတ်များနှင့် မျှော့ကြိုးများ ထုတ်လုပ်ပြီး ၎င်းတို့ကို ရောင်းချမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းပစ္စည်းများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တင်သွင်းမည်ဖြစ်ကြောင်း၊ ယခုလုပ်ငန်းဆောင်ရွက်မည့်နေရာတွင် ယခင်က ပဲခွဲစက်နှင့် ပဲသန့်စင်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပြီး ယခု မိမိတို့ကိုငှားရမ်းထားသဖြင့် ၎င်းတို့ပိုင် အခြားစက်ရုံ၊ ဂိုဒေါင်သို့ စက်ပစ္စည်းများ ပြောင်းရွှေ့နေပါကြောင်း၊ မြေကို လောလောဆယ် (၅)နှစ်ငှားရမ်းမည်ဖြစ်ပြီး နောက်ပိုင်းမှ သက်တမ်းတိုး ငှားရမ်းမည်ဟု မြေပိုင်ရှင်နှင့် ညှိနှိုင်းပြောကြားထားပါကြောင်း၊ မြေငှားစာချုပ်(မူကြမ်း)နှင့် Form-1 တို့တွင်ဖော်ပြထားသော မြေငှားသက်တမ်းအား ပြန်လည်စိစစ် ပြင်ဆင်ပေးမည်ဖြစ်ကြောင်း၊ စက်ရုံရှေ့မျက်နှာစာတွင်

အထည်ချုပ်စက်ရုံ(၂)ရုံနှင့် ဘေးဘက်တွင် ပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်သည့်စက်ရုံရှိပါကြောင်း၊ စက်ရုံတွင် 315 KVA Transformer တပ်ဆင်ထားပြီးဖြစ်ကာ လျှပ်စစ်မီးရရှိနေပြီဖြစ်ကြောင်း၊ နောက်ဆက်တွဲ-၂ ပြည်ပမှတင်သွင်းမည့် စက်ပစ္စည်းစာရင်း အမှတ်စဉ်-၄၀တွင်ဖော်ပြထားသော Air Wire မှာ လျှပ်စစ်ဝါယာကြိုးကို ဆိုလိုခြင်းဖြစ်ပြီး အမှတ်စဉ်-၄၁တွင်ဖော်ပြထားသော Electronic Wire ပလတ်စတစ်အိတ်ထုတ်ရန် စက်ပစ္စည်းတွင် တပ်ဆင်အသုံးပြုသည့် ဝါယာကြိုးကို ဆိုလိုပါကြောင်း၊ ၎င်းတို့ကို အမည်မှန်နှင့် ပြင်ဆင်ပေးမည်ဖြစ်ပြီး Accounting Unit ကို Meter နှင့် ပြင်ဆင်ဖော်ပြမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာ၌ ဘွိုင်လာအသုံးပြုရန် မရှိပါကြောင်း၊ မိမိသည် လက်ရှိတွင် သုံးခေါက်ချိုးမှတ်ပုံတင်ကတ် ကိုင်ဆောင်ထားပြီး နိုင်ငံသားစိစစ်ရေးကတ်ရရှိရန် လျှောက်ထားဆဲဖြစ်၍ နောက်ဆုံးဆောင်ရွက်ထားသည့် အခြေအနေအား တင်ပြပေးမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာ၌ အချို့ကုမ္ပဏီမှ ပလတ်စတစ်အိတ်တွင် အင်္ဂလိပ်စာလုံးများ ရိုက်လိုပါက ရိုက်ပေးသည့် Printing Automatic Machine ကိုအသုံးပြုရန်ရှိပါကြောင်း၊ ကုမ္ပဏီသည်အဓိကအနေဖြင့် ပလတ်စတစ်အိတ်ထုတ်လုပ်ခြင်းကို လုပ်ကိုင်မည်ဖြစ်ပြီး မျှော့ကြိုးကို ဒုတိယထုတ်ကုန်အနေဖြင့် ထုတ်လုပ်မည်ဖြစ်ကြောင်း၊ လုပ်ငန်းအမျိုးအစားအား ပြင်ဆင်ပေးမည်ဖြစ်ကြောင်း၊ အမှတ်စဉ်-၂၇တွင်ဖော်ပြထား သော Forklifts (၅)စီးမှာ လူမောင်းနှင်သည့် Forklift အမျိုးအစားမဟုတ်ဘဲ ပစ္စည်းများရွှေ့ပြောင်းရာ၌ အသုံးပြုမည့်စက်ဖြစ်သဖြင့် အမည်မှန်နှင့် ပြင်ဆင်ပေးမည်ဖြစ်ကြောင်း၊ CSR အနေဖြင့် ဝန်ထမ်းများအား သင်တန်းပေးခြင်းတို့တွင် အသုံးပြုမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ အရည်အသွေးပြည့်ဝစေရန် ပြည်ပသို့ သင်တန်းစေလွှတ်ရန် ရည်ရွယ်ထားပြီး နိုင်ငံခြားသားကျွမ်းကျင်သူနေရာအား တစ်ဖြည်းဖြည်းလျှော့ချ ခန့်ထားကာ ၎င်းတို့နေရာတွင် နိုင်ငံသားဝန်ထမ်းများအား တိုးမြှင့်ခန့်ထားသွားမည်ဖြစ်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စက်ပစ္စည်းအသစ်များကိုသာ ဝယ်ယူအသုံးပြုရန် စီစဉ်ထားပါကြောင်း၊ မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးသတ်ဦးစီးဌာနသို့ ဖိတ်ကြားကာ စက်ရုံသို့ လာရောက်စစ်ဆေးစေပြီး ၎င်းတို့ညွှန်ကြားသည့်အတိုင်း လုပ်ကိုင်မည်ဖြစ်ကြောင်း၊ ပြည်ပမှ နှစ်စဉ်တင်သွင်းမည့် ကုန်ကြမ်းပစ္စည်း လိုအပ်ချက်စာရင်းနှင့် Annual Production စာရင်းတို့အား ပြင်ဆင်တင်ပြမည်ဖြစ်ကြောင်း၊ အဆိုပြုချက်တွင် စီးပွားရေးဆိုင်ရာတွက်ချက်မှုများ အပါအဝင် လိုအပ်ချက်များကို ပြန်လည်ပြင်ဆင် တင်ပြပေးမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြပါသည်။

အစည်းအဝေးမှ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Jia Long Plastic Products (Myanmar) Co., Ltd. တည်ထောင်ကာ မျှော့ကြိုးနှင့်ပလတ်စတစ်အိတ်များ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက်တင်ပြလာခြင်းကိုစွာအား အောက်ပါအတိုင်း ဆုံးဖြတ်ပါသည်-

(က) လုပ်ငန်းအမျိုးအစား၊ မြေငှားရမ်းသက်တမ်းနှင့်မြေငှားစာချုပ်(မူကြမ်း) ပြင်ဆင်တင်ပြရန်။

(ခ) ပြည်ပမှတင်သွင်းမည့် စက်ပစ္စည်းစာရင်း၊ နှစ်စဉ်ထုတ်လုပ်မှုစာရင်း၊ နှစ်စဉ် ပြည်ပမှတင်သွင်းမည့် ကုန်ကြမ်းပစ္စည်းစာရင်း ပြန်လည်ပြင်ဆင်တင်ပြရန်။

(ဂ) စီးပွားရေးဆိုင်ရာတွက်ချက်မှုများ ပြင်ဆင်တင်ပြရန်။

(ဃ) သဘောထားများစုံလင်ပြီး လိုအပ်ချက်များ ပြည့်စုံစွာ ပြင်ဆင်တင်ပြလာပါက ကော်မရှင်အစည်းအဝေးသို့ တင်ပြရန်။

(က) Master Plan ပြည့်စုံစွာပြင်ဆင်တင်ပြရန်နှင့် Waste Water Treatment Plan တင်ပြရန်။
(ခ) ရေရရှိမှု၊ ရေအသုံးပြုမှု၊ လျှပ်စစ်မီးလိုအပ်ချက် ပြန်လည်စိစစ်တင်ပြရန်။
(ဂ) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ လုပ်ငန်းဆောင်ရွက်ခွင့်အတွက် ခွင့်ပြုချက်တောင်းခံတင်ပြရန်။

ဆုံးဖြတ်ချက်	ဆောင်ရွက်ရန်
၆။ အစည်းအဝေးမှ အောက်ပါတို့ကို ဆုံးဖြတ်ပါသည်-	
(က) ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Jia Long Plastic Products (Myanmar) Co., Ltd. တည်ထောင်ကာ မျှော့ကြိုးနှင့် ပလတ်စတစ်အိတ်များ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက်တင်ပြလာခြင်းကိစ္စနှင့်စပ်လျဉ်း၍- (၁) လုပ်ငန်းအမျိုးအစား၊ မြေငှားရမ်းသက်တမ်းနှင့် မြေငှားစာချုပ် (မူကြမ်း)ပြင်ဆင်တင်ပြရန်။ (၂) ပြည်ပမှတင်သွင်းမည့် စက်ပစ္စည်းစာရင်း၊ နှစ်စဉ်ထုတ်လုပ်မှုစာရင်း၊ နှစ်စဉ် ပြည်ပမှတင်သွင်းမည့် ကုန်ကြမ်းပစ္စည်းစာရင်း ပြန်လည်ပြင်ဆင်တင်ပြရန်။ (၃) စီးပွားရေးဆိုင်ရာတွက်ချက်မှုများ ပြင်ဆင်တင်ပြရန်။ (၄) သဘောထားများစုံလင်ပြီး လိုအပ်ချက်များ ပြည့်စုံစွာ ပြင်ဆင်တင်ပြလာပါက ကော်မရှင်အစည်းအဝေးသို့ တင်ပြရန်။	အဆိုပြုချက်စိစစ်ရေးအဖွဲ့ Jia Long Plastic Products (Myanmar) Co., Ltd.
(ခ) ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Soleil Ribbon Limited မှ CMP စနစ်ဖြင့် ဖဲကြိုးများ၊ ဖဲပွင့်များနှင့် ဖဲနှင်းဆီပွင့်များ၊ အိတ်ငယ်များ၊ ချိတ်ပါသောကြိုးများနှင့် မျှော့ကြိုးကွင်းများထုတ်လုပ်ခြင်းလုပ်ငန်းအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက်တင်ပြလာခြင်းကိစ္စနှင့် စပ်လျဉ်း၍- (၁) လုပ်ငန်းဆောင်ရွက်မည့်မြေနေရာအတွက် i-Land Park Myanmar Limited ၏ ဒေါ်သွဲ့သွဲ့ကြည်အမည်ဖြင့် မြေဂရန်အမည်ပေါက်ရရှိပြီးမှသာ မြေငှားစာချုပ်ချုပ်ဆိုရန်။ (၂) ပြည်ပမှတင်သွင်းမည့် စက်နှင့်စက်ကိရိယာပစ္စည်းစာရင်း ပြန်လည်စိစစ်တင်ပြရန်။ (၃) သဘောထားများစုံလင်ပြီး လိုအပ်ချက်များ ပြည့်စုံစွာ ပြင်ဆင်တင်ပြလာပါကကော်မရှင်အစည်းအဝေး သို့တင်ပြရန်။	အဆိုပြုချက်စိစစ်ရေးအဖွဲ့ Soleil Ribbon Limited

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁) သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

တယ်လီဖုန်း- ၀၁-၆၅၈၁၂၈ စာအမှတ်၊ မရက- ၃/န-၁၄၁၃/၂၀၁၆ (၆၄၇၈)
ဖက်(စ်) - ၀၁-၆၅၈၁၄၁ ရက်စွဲ ၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်

သို့

အကြောင်းအရာ။ **အဆိုပြုလွှာတင်ပြရာတွင် လိုအပ်ချက်များအကြောင်းကြားခြင်း**
ရည် ညွှန်း ချက် ။ Jia Long Plastic Products (Myanmar) Co., Ltd. ၏ (၉-၁၁-၂၀၁၆) ရက်စွဲပါစာ

၁။ လူကြီးမင်းတို့ကုမ္ပဏီမှ ရင်းနှီးမြှုပ်နှံမှုဌာနခွဲ-၂ သို့ ကနဦးအဆိုပြုလွှာ တင်ပြရာတွင် အောက်ပါ လိုအပ်ချက်များ ရှိနေပါသည် -

(က) လုပ်ငန်းအမျိုးအစားကိုForm-1နှင့် နောက်ဆက်တွဲတို့တွင် ပြင်ဆင်တင်ပြရန် ။
(ခ) Exhibit-2 တွင် စက်ပစ္စည်းအမည်များ Accountiong Unit တို့ကို ပြန်လည်စိစစ် ရန်နှင့် ပြည်တွင်းတွင် ဝယ်ယူရရှိနိုင်သည့် ပစ္စည်းများအား ပြည်တွင်းဝယ်ရန်။
(ဂ) Exhibit -6,6-A နှင့် 6-B တွက်ချက်မှုဇယားနှင့် စီးပွားရေးဆိုင်ရာ တွက်ချက်မှုများကို ပြန်လည်စိစစ်တင်ပြရန်။
(ဃ) Exhibit -12 တွင် ကုန်ကြမ်းပစ္စည်းများစာရင်းကို ပြန်လည်စိစစ်တင်ပြရန်နှင့် ထုတ်ကုန်များ ၏ Norms ကို ဖော်ပြရန်။
(င) မြေငှားစာချုပ်တွင် မြေငှားသက်တမ်းအား ပြင်ဆင်တင်ပြရန်။
(စ) မြေပိုင်ရှင်၏ ထင်ရှားသည့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူနှင့် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံသူ ဒေါ်အိအိဝင်း၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူကိုတင်ပြရန်။
(ဆ) ကုမ္ပဏီ၏ တင်ပြရက်စွဲအား အမှန်ပြင်ဆင်တင်ပြရန်နှင့် ကုမ္ပဏီ၏ တင်ပြစာတွင် ၉၅% ဖြစ်နေ၍ အမှန်ပြင်ဆင်ပြီး တင်ပြရန်။
(ဇ) ကုမ္ပဏီ၏တင်ပြသည့်စာများတွင် လုပ်ငန်းအမျိုးအစား CMP ဖြစ်နေ၍ ပြန်လည်စိစစ်တင်ပြရန်။

၂။ သို့ဖြစ်ပါ၍ အဆိုပြုလွှာတွင် ပြင်ဆင်ရမည့် အချက်များကို ပြင်ဆင်ပြီးပြန်လည်တင်ပြရန် အကြောင်းကြားပါသည်။

၂၈. ၁၁.၂၀၁၆

အတွင်းရေးမှူး(ကိုယ်စား)
(စန်းစန်းမြင့်၊ ညွှန်ကြားရေးမှူး)

Jia Long Plastic Porducts (Myanmar) Co., Ltd.
မြေကွက်အမှတ်-၂၅၆၊မြေတိုင်းရပ်ကွက်အမှတ်-၂၅၊
ရွှေလင်ပန်းစက်မှုမြို့၊လှိုင်သာယာမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး
မိတ္တူကို

၂-၁၁-၂၀၁၂နေ့တွင် ပြဋ္ဌာန်းခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ပုဂ္ဂလိကမြေပိုင်ရှင်ထံမှ ငှားရမ်းဆောင်ရွက်သည့် ကုမ္ပဏီများ စာရင်း

စဉ်	PAT အကြိမ်/ ရက်စွဲ	ကုမ္ပဏီ အမည်	လုပ်ငန်းအမျိုးအစား/ တည်နေရာ	စုစုပေါင်းမြေ အကျယ်အဝန်း	အဆောက်အဦ အကျယ်အဝန်း	နှစ်စဉ် ငှားရမ်းခ/နှုန်း (Sqm/US$)	ငှားရမ်း မည့်နှစ်	မြေဂရန်ခွင့်ပြုမှု			သဘောထားများ
								အမည်	ခွင့်ပြုရက်စွဲ	ခွင့်ပြုကာလ (နှစ်)	
	၄၂/၂၀၁၆ ၁၅-၁၁-၂၀၁၆	Jia Long Plastic Products (Myanmar) Co., Ltd.	မျှော့ကြိုးနှင့် ပလတ်စတစ်အိတ် များ ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်း မြေကွက် အမှတ်-၂၅၆၊ မြေတိုင်းရပ်ကွက် အမှတ်-၂၅၊ ရွှေလင်ပန်းစက်မှုမြို့၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး	- ၁.၃၄၅ ဧက (၅၄၄၃.၀၂ စတုရန်းမီတာ)	- ၈၀ပေ x ၁၂၀ ပေ ၁ ထပ် အဆောက်အဦ ၁ လုံး (စက်ရုံ) - ၂၀ ပေ x ၄၀ ပေ ၁ ထပ်အဆောက်အဦ ၁ လုံး (ရုံးခန်း)	- အမေရိကန်ဒေါ်လာ ၂၈,၃၀၃.၇၄ - ၁ နှစ် တစ်စတုရန်းမီတာလျှင် အမေရိကန်ဒေါ်လာ ၅.၂ နှုန်းဖြစ်ပါသည်။	ကနဦး (၅) နှစ် နှင့် ၁၀ နှစ် ၂ ကြိမ် သက်တမ်းတိုး	ဒေါ်မာရီအာရ်ကျွန်း	၁-၃-၂၀၀၀	၆၀	- ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ - သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန - စက်မှုဝန်ကြီးဌာန
					၁၆.၁၁.၂၀၁၆	18/11					

အကြောင်းအရာ။	**ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Jia Long Plastic Products (Myanmar) Co.,Ltd. တည်ထောင်ကာ မျှော့ကြိုးနှင့် ပလတ်စတစ်အိတ်များ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းကိစ္စ**

၁။	ကုမ္ပဏီအမည်/ ကမကထပြုသူ	- Jia Long Plastic Products (Myanmar) Co., Ltd. Mr. Zheng, Buzhong (Chinese)
	အဖွဲ့အစည်းပုံသဏ္ဍာန်	- ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု - Mr. Zheng, Huaiguo (Chinese) ၅၀ % - Mr. Zhang, Buzhong (Chinese) ၄၅ % - ဒေါ်အိအိဝင်း (မြန်မာ) ၅ %
	လုပ်ငန်းအမျိုးအစား	- မျှော့ကြိုးနှင့်ပလတ်စတစ်အိတ်များထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း
၂။	တည်နေရာ	- မြေကွက်အမှတ်-၂၅၆၊မြေတိုင်းရပ်ကွက်အမှတ်-၂၅၊ ရွှေလင်ပန်းစက်မှုမြို့၊ လှိုင်သာယာမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
	မြေပိုင်ရှင်	- ဒေါ်မာရီအာရ်ကျွန်း
	မြေအကျယ်အဝန်း	- ၁.၃၄၅ ဧက (၅၄၄၃.၀၃ စတုရန်းမီတာ)
	အဆောက်အဦအကျယ်အဝန်း	- ၈၀ ပေ x ၁၂၀ ပေ ၁ ထပ်အဆောက်အဦ ၁ လုံး(စက်ရုံ) - ၂၀ ပေ x ၄၀ ပေ ၁ ထပ်အဆောက်အဦ ၁ လုံး(ရုံးခန်း)
	မြေငှားရမ်းကာလ	- ကနဦး ၅ နှစ် နှင့် ၁၀ နှစ် ၂ ကြိမ် သက်တမ်းတိုး
၃။	နှစ်စဉ်မြေနှင့်အဆောက်အဦငှားရမ်းခ	- အမေရိကန်ဒေါ်လာ ၂၈,၃၀၃.၇၄ - ၁ နှစ် တစ်စတုရန်းမီတာလျှင် အမေရိကန်ဒေါ်လာ ၅.၂ နှုန်းဖြစ်ပါသည်။
၄။	လုပ်ငန်းသက်တမ်း	- ၅၀ နှစ်
	တည်ဆောက်ပြုပြင်မွမ်းမံခြင်းနှင့်စက်ပစ္စည်းတပ်ဆင်ခြင်း	- ၁ နှစ်
၅။	စုစုပေါင်းမတည်ငွေရင်းပမာဏ	- အမေရိကန်ဒေါ်လာ ၃.၂၂ သန်း
	ထည့်ဝင်သည့်အမျိုးအစား	(US$)

	ပြည်ပ	ပြည်တွင်း	စုစုပေါင်း
ငွေသား	၀.၁၅		၀.၁၅
စက်နှင့်စက်ပစ္စည်း (ပြည်ပ)	၀.၆၇		၀.၆၇
ကုန်ကြမ်းပစ္စည်းတန်ဖိုး (ပြည်ပ)	၂.၂၄		၂.၂၄
လျှပ်စစ်ပစ္စည်းတန်ဖိုး(ပြည်ပ)		၀.၀၃	၀.၀၃
အဆောက်အဦပြင်ဆင်စရိတ်		၀.၀၄	၀.၀၄
မော်တော်ကား(ပြည်တွင်း)		၀.၀၉	၀.၀၉
စုစုပေါင်း	**၃.၀၆**	**၀.၁၆**	**၃.၂၂**

၆။	ဝန်ထမ်းအင်အား(ပထမနှစ်)	- **၇၀ ဦး**
	ပြည်တွင်း	- ၆၀ ဦး (ပြည်တွင်း ဝန်ထမ်း တစ်ဦး၏ အနိမ့်ဆုံး လစာ ကျပ် ၁၀၈,၀၀၀ နှင့် အမြင့်ဆုံးလစာ ကျပ် ၃၅၀,၀၀၀)
	ပြည်ပ	- ၁၀ ဦး (ပြည်ပ ဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံး လစာ အမေရိကန်ဒေါ်လာ ၆၀၀ နှင့် အမြင့်ဆုံးလစာ အမေရိကန်ဒေါ်လာ ၁,၀၀၀)
	ရောင်းချမည့်စနစ်	- ၁၀၀% ပြည်တွင်းရောင်း

ကန့်သတ်

၇။	ကုမ္ပဏီ၏ ဝင်ငွေ (ဆဋ္ဌမနှစ်) ကုမ္ပဏီ၏ အသုံးစရိတ် (ဆဋ္ဌမနှစ်) ကုမ္ပဏီ၏အသားတင်အမြတ် (ဆဋ္ဌမနှစ်)	- US$ ၈.၈၇ သန်း - US$ ၈.၀၅ သန်း - US$ ၀.၈၂ သန်း
၈။	နိုင်ငံတော်မှရရှိမည့်အကျိုးအမြတ် (ဆဋ္ဌမနှစ်) ဝင်ငွေခွန် ကုန်သွယ်လုပ်ငန်းခွန် အရင်းကြေကာလ အရင်းအနှီးအပေါ်အကျိုးအမြတ်ပြန်ပေါ်နှုန်း (IRR)	 - US$ ၀.၂၇ သန်း US$ ၀.၄၄ သန်း - ၆ နှစ် ၁၁ လ - ၁၈.၄၂ % နိုင်ငံခြားငွေလဲလှယ်မှုနှုန်းအမေရိကန်ဒေါ်လာ ၁၂၅၀ ကျပ်
၉။	လျှပ်စစ်ဓါတ်အားသုံးစွဲမှု (ပုံမှန်နှစ်)	- ၈၅,၀၀၀ kWh
၁၀။	ထုတ်လုပ်မှုနှင့်ရောင်းဈေး (၆နှစ်မြောက်)	-

	ထုတ်လုပ်မှု (Kg)	ရောင်းဈေးနှုန်း(ကျပ် /Kg)
Plastic Bag	၉၉၈,၂၀၀	၃,၅၀၀
Knitted Elastic Band	၁,၄၃၁,၆၅၀	၅,၃၀၀

၁၁။	အခြား	- Jia Long Plastic Procucts (Myanmar) Co., Ltd. ၏ MOA,AOAမူကြမ်း၊ ဒါရိုက်တာများစာရင်း၊ အဆောက်အဦပုံတို့ကို လည်းတင်ပြထားပါသည်။ - မြေပိုင်ရှင် ဒေါ်မာရီအာရ်ကျွန်းနှင့် Jia Long Plastic Products (Myanmar) Co., Ltd. တို့ချုပ်ဆိုမည့် မြေနှင့် အဆောက်အဦ ငှားရမ်းစာချုပ်(မူကြမ်း)၊ ဖက်စပ်စာချုပ် (မူကြမ်း) တို့ကို လည်းတင်ပြထားပါသည်။ - ငွေရေးကြေးရေးအထောက်အထားအဖြစ် Mr. Zheng Huaiguo သည် Cambodian Public Bank တွင် ၂၅-၁၀-၂၀၁၆ ရက်စွဲ ဖြင့် USD ၁၀,၀၀၀ ရှိကြောင်း၊ Mr. Zhang,Buzhong သည် Bank of China တွင် ၂၄-၁၀-၂၀၁၆ ရက်စွဲဖြင့် ယွမ် ၁၀၀,၀၀၀ (US$ ၁၄,၇၅၂.၁၉) ရှိကြောင်းနှင့် ဒေါ်အိအိဝင်းသည် ဧရာဝတီဘဏ် တွင် ကျပ် ၁,၁၅၀,၆၈၇.၅၀ ရှိကြောင်း အထောက်အထား မိတ္တူများအား တင်ပြ ထားပါ သည်။ - စက်ရုံဝန်ထမ်းများ၏ သက်သာချောင်ချိရေးနှင့် ကျန်းမာရေး၊ လုပ်ငန်းခွင်သာယာရေး အတွက်စီစဉ် ဆောင်ရွက်ထားမှုများ၊ မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်စီစဉ် ဆောင်ရွက်ထားရှိမှုများ၊ အလုပ်သမားများ၏လစာဝင်ငွေပေါ်မှာ ပေးဆောင်ရမည့် ဝင်ငွေခွန်နှင့် ပတ်သက်၍ ဝန်ခံချက်၊ပတ်ဝန်း ကျင်ထိန်းသိမ်းရေးအတွက် စီမံဆောင်ရွက်ထားရှိမှု အစီအစဉ်များနှင့် လူမှုဘဝ သာယာဝပြောမှု အစီအစဉ်(Corporate Social Responsibility) အတွက် အသားတင်အမြတ် မှ ၂ % သုံးစွဲမည်ဖြစ်ကြောင်း တင်ပြထား ပါသည်။

		- အဆိုပါလုပ်ငန်းသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ၂၀၁၆ ခုနှစ် မတ်လ ၂၁ ရက်စွဲဖြင့် ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာ အမှတ် ၂၆/၂၀၁၆ ၏ စီးပွားရေးလုပ်ငန်း အမျိုးအစားများပြင်ဆင် သတ်မှတ်ခြင်းတွင် ဖက်စပ်စနစ်ဖြင့်သာဆောင် ရွက်ရမည့် လုပ်ငန်း အမျိုးအစားဖြစ်ပါသည်။ - ထုတ်လုပ်မည့်ပစ္စည်းများ အတွက်လိုအပ်သော ကုန်ကြမ်းစာရင်းများနှင့် (Norms) အား တင်ပြထားပါသည်။ - နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဥပဒေပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထားလာပါသည်။ - ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန နှင့် စက်မှုဝန်ကြီးဌာန တို့ကိုသဘောထားမှတ်ချက် တောင်းခံမည် ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အဆိုပြုချက်စိစစ်ရေးအဖွဲ့

စာအမှတ်၊မရက- ၃/န- ၁၄၁၃/၂၀၁၆ (၁၄၄၄)
ရက်စွဲ၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၉ ရက်

အဆိုပြုချက်စိစစ်ရေးအဖွဲ့သို့
တင်ပြမည့်အမှာစာ

အကြောင်းအရာ။ **ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Jia Long Plastic Products (Myanmar) Co., Ltd. တည်ထောင်ကာ မျှော့ကြိုးနှင့် ပလတ်စတစ်အိတ်များထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့် ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းကိစ္စ**

၁။ တရုတ်နိုင်ငံသား Mr. Zheng, Huaiguo မှ ၅၀ %၊ Mr. Zhang, Buzhong မှ ၄၅ %နှင့် မြန်မာနိုင်ငံသား ဒေါ်အိအိဝင်း မှ ၅ % အသီးသီးထည့်ဝင်၍ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတွင် Jia Long Plastic Products (Myanmar) Co., Ltd. တည်ထောင်ကာ မြေကွက်အမှတ်-၂၅၆၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅၊ ရွှေလင်ပန်းစက်မှုမြို့၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာစုစုပေါင်း ၁.၃၄၅ ဧက (၅၄၄၃.၀၂စတုရန်းမီတာ) အားငှားရမ်း၍ မျှော့ကြိုး နှင့် ပလတ်စတစ်အိတ်များ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း အားနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ခွင့် ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြုချက်တင်ပြလာပါသည်။

၂။ အဆိုပြုချက်နှင့် စပ်လျဉ်း၍ အဖွဲ့ဝင်များနှင့် ဌာနများမှစိစစ်၍ လိုအပ်ချက်များ၊ ပြင်ဆင်ဖြည့်စွက်ရန်ကိစ္စများ၊ လုပ်ထုံးလုပ်နည်းများနှင့် မညီညွတ်သည့် ကိစ္စများကို ဆွေးနွေးနိုင်ပါရန် တင်ပြအပ်ပါသည်။

၉-၁၁-၂၀၁၆

အဖွဲ့ခေါင်းဆောင်(ကိုယ်စား)
(စန်းစန်းမြင့်၊ ညွှန်ကြားရေးမှူး)

မိတ္တူကို
ရုံးလက်ခံ/ မျှောစာတွဲ

PROPOSAL OF THE PROMOTER TO MAKE

FOREIGN INVESTMENT IN

REPUBLIC OF THE UNION OF MYANMAR

SUBMITTED BY

JIA LONG PLASTIC PRODUCTS
(MYANMAR) COMPANY LIMITED

(Manufacturing and Marketing of Polybag and
Related Products such as Elastic Band)

JIA LONG PLASTIC PRODUCTS (MYANMAR) CO., LTD

Plot No.(256), Myay Taing Block No.(25), Met Khayar Min Thar Gyi Maung Pyo Road, Shwe Lin Pan Industrial Zone, Hlaing Thar Yar Township, Yangon Region, Myanmar.

To

The Chairman
Myanmar Investment Commission
Republic of the Union of Myanmar
Yangon Region

Date : : , November ' 2016.

Subject : : **Submission of the proposal to Myanmar Investment Commission**

We have a great pleasure to inform you that **JIA LONG PLASTIC PRODUCTS (MYANMAR) CO.,LTD** will be incorporated under the Republic of the Union of Myanmar Foreign Investment Law in accordance with the Myanmar Companies Act. We would like to apply MIC Permit for **JIA LONG PLASTIC PRODUCTS (MYANMAR) CO., LTD** which will be rented with building in Plot No.(256), Myay Taing Block No.(25), Met Khayar Min Thar Gyi Maung Pyo Road, Shwe Lin Pan Industrial Zone, Hlaing Thar Yar Township, Yangon Region, Republic of the Union of Myanmar for manufacturing and marketing of polybag and related products such as elastic band.

Therefore, we hereby submit (22) Copies of proposals to Myanmar Investment Commission for Favour of issue of Permit.

Yours Faithfully,

张步中

MR. ZHANG, BUZHONG
Promoter
JIA LONG PLASTIC
PRODUCTS (MYANMAR) CO., LTD

JIA LONG PLASTIC PRODUCTS (MYANMAR) CO., LTD
Plot No.(256), Myay Taing Block No.(25), Met Khayar Min Thar Gyi Maung Pyo Road,
Shwe Lin Pan Industrial Zone, Hlaing Thar Yar Township, Yangon Region, Myanmar.

To

The Chairman
Myanmar Investment Commission
Republic of the Union of Myanmar
Yangon Region

Date : : , November ' 2016.

Subject : : **Application for issue of Permit for 95% Foreign Investment and 5% Local Investment in the Republic of the Union of Myanmar.**

Dear Sir,

1. We have the pleasure and honor to inform you that a Foreign Company of 100% Foreign Investment by the name of **JIA LONG PLASTIC PRODUCTS (MYANMAR) CO.,LTD** desires to obtain an "Investment Permit" under Republic of the Union of Myanmar Companies Act and to have share holdings of 50% contributed by **MR. ZHENG, HUAIGUO** and 45% contributed by **MR. ZHANG, BUZHONG** and 5% contributed by **DAW EI EI WIN.**

2. In accordance with Republic of the Union of Myanmar Foreign Investment Law, **JIA LONG PLASTIC PRODUCTS (MYANMAR) CO.,LTD** is now applying for issue of Permit under Section 13(b) of Republic of the Union of Myanmar Foreign Investment Law.

3. At the same time, in accordance with the following basic principles of Foreign Investment Law, **JIA LONG PLASTIC PRODUCTS (MYANMAR) CO.,LTD** put up this application for tax exemption.
   (a) Promotion an expansion of value added exports.
   (b) Acquisition of High Technology.
   (c) Opening up of more employment opportunities.
   (d) Regional Development.

4. The **JIA LONG PLASTIC PRODUCTS (MYANMAR) CO.,LTD** in its Memorandum of Association contains and objective the establish of manufacturing and marketing of polybag and related products such as elastic band factory and with the objectives in view, we hereby present the proposal to operate the business of manufacturing and marketing of polybag and related products such as elastic band factory in Plot No.(256), Myay Taing Block No.(25), Met Khayar Min Thar Gyi Maung Pyo Road, Shwe Lin Pan Industrial Zone, Hlaing Thar Yar Township, Yangon Region, Republic of the Union of Myanmar, which is leased from **Daw Maryi Ar Ya Kyun.** We have made a detailed account of our on realistic and factual forecasts and studies.

5. For the purpose of above application, we submit herewith the Proposal of the Promoter to make Foreign Investment in the Republic of the Union of Myanmar, together with relevant supporting documents which are required for issue of Permit from the Myanmar Investment Commission (MIC) for the MIC's consideration.
   - (a) Proposal of the promoter to make Foreign Investment in Republic of the Union of Myanmar.
   - (b) Lease Agreement (draft).
   - (c) Investment Proposal & Attachments.
   - (d) References for Business and Financial Standing.
   - (e) Memorandum of Association and Articles of Association (draft).

6. We trust the above would meet your requirements and we hope that the Myanmar Investment Commission will give favorable consideration to our application as well as grant us the Investment Permit. We shall be most grateful if the Myanmar Investment Commission could kindly grant us the following exemptions or relief from taxation in allowed as per Section 27 of Republic of the Union of Myanmar Foreign Investment Law.
   - (a) Exemption from income tax for a period extending to 5 consecutive years, inclusive of the year of commencement of production of goods services.
   - (b) Exemption or relief from income tax on profit of the business if they are maintained in a reserve fund and re-investment therein within one year after the reserve is made.

(c) Right to accelerate depreciation in respect of machinery, equipment, building or other Capital Assets used in the business, at the rate fixed by the Commission to the extend of the original value for the purpose of income tax assessment.

(d) Relief from income tax up to 50 percent on the profit accrued from the said export.

(e) Right to pay income tax on the income of the foreigners at the rates applicable to the citizens residing within the union.

(f) Right to deduct expenses from the assessable income, such expenses incurred in respect of research and development relating to the business which are actually required and are carried out within the Union.

(g) Right to carry forward and set-off up to 3 consecutive years from the year the loss is sustained in respect of such loss sustained within 2 years immediately following the enjoyment of exemption or relief from income tax as contained in sub-section (a), for each business.

(h) Exemption or relief from customs duty or other internal taxes or both on machinery, equipment, instrument, machinery components, spare parts and materials used in the business, which are imported as they are actually required for use during the period of construction of business.

(i) Exemption or relief from customs duty or other internal tax or both on raw materials imported for the first (3) years after the completion of construction of business.

(j) If the volume of investment is increased with the approval of the Commission and the original investment business is expanded during the permitted period, exemption or relief from custom duty or other internal taxes or both on machinery, equipments, instruments, machinery components, spare parts and materials used in the business which are imported as they are actually required for use in the business expanded as such.

7. We shall abide by the Laws, Rules, Notifications and Regulations of Republic of the Union of Myanmar with due regard for the development of Republic of the Union of Myanmar.

8. We hope that we shall accomplish the project as early as possible within the target time schedule and hereby guarantee our sincerity, competence and sound financial standing to bring success to the industry in the Republic of the Union of Myanmar.

9. We are looking forward to have the most favourable consideration to this matter by the commission and be granted the exemptions along with the Permit at its earliest convenience.

With Best Regards,

Yours Sincerely

MR. ZHANG, BUZHONG
Promoter
JIA LONG PLASTIC
PRODUCTS (MYANMAR) CO.,LTD

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် ကမကထ ပြုသူ၏ ဆောင်ရွက်ရန် အဆိုပြုချက်

PROPOSAL OF THE PROMOTER TO MAKE FROREIGN INVESTMENT IN THE REPUBLIC OF THE UNION OF MYANMAR

ပုံစံ (၁)

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်
ရင်းနှီးမြှုပ်နှံသူ/ကမကထပြုသူ၏အဆိုပြုချက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ် ၊
ရက်စွဲ ၊၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ၊ ရက်

ကျွန်တော်/ကျွန်မသည် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုပါသဖြင့် ခွင့်ပြုပါရန် အောက်ပါအချက်အလက်များကို ဖော်ပြ၍ လျှောက်ထားအပ်ပါသည်-

၁။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူ၏-

(က) အမည် ...... MR. ZHANG, BUZHONG

(ခ) အဖအမည် ...... MR. ZHANG, LI PEI

(ဂ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်/နိုင်ငံကူးလက်မှတ်အမှတ် ...... E 55955778

(ဃ) နိုင်ငံသား ...... CHINESE

(င) နေရပ်လိပ်စာ ......

(၁) ပြည်တွင်း ......

(၂) ပြည်ပနိုင်ငံ ...... Group One of Feng Village, Zuxi Twon of Kai Xian, Chong Qing City, China.

(စ) ပင်မကုမ္ပဏီအမည် ...... -

(ဆ) လုပ်ငန်းအမျိုးအစား ...... -

(ဇ) ပင်မကုမ္ပဏီ တည်ရှိရာလိပ်စာ ...... -

၂။ ဖက်စပ်ပြုလုပ်၍ ရင်းနှီးမြှုပ်နှံလိုပါက ရင်းနှီးမြှုပ်နှံသူနှင့်ဖက်စပ်ပြုလုပ်မည့်သူများ၏

(က) အမည် ...... DAW EI EI WIN

(ခ) အဖအမည် ...... U Htan Kyain Phu

(ဂ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်/နိုင်ငံကူးလက်မှတ်အမှတ် ...... MGK 081194

(ဃ) နိုင်ငံသား ...... Myanmar

(င) နေရပ်လိပ်စာ ......

(၁) ပြည်တွင်း ...... Building No.(9), Room No.(7), Nawaddy Shop House, Kyan Sit Thar Street, Hlaing Tahr Yar Township, Yangon Region.

(၂) ပြည်ပနိုင်ငံ ......

(စ) ပင်မကုမ္ပဏီအမည် ....

(ဆ) လုပ်ငန်းအမျိုးအစား ....

(ဇ) ပင်မကုမ္ပဏီတည်ရှိရာလိပ်စာ ....

....

မှတ်ချက် အထက်အပိုဒ်(၁)နှင့်(၂)တို့နှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို ပူးတွဲ တင်ပြရပါမည်-

(၁) ကုမ္ပဏီမှတ်ပုံတင်အထောက်အထား (မိတ္တူ)

(၂) နိုင်ငံသား စိစစ်ရေးကတ်အမှတ် (မိတ္တူ) နှင့် နိုင်ငံကူးလက်မှတ် (မိတ္တူ)

(၃) အဆိုပြုလုပ်ငန်းတွင်ပါဝင်လိုသူများ၏ လုပ်ငန်းပိုင်းနှင့်ငွေရေးကြေးရေးဆိုင်ရာ အထောက်အထားများ

၃။ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုသည့် လုပ်ငန်းအမျိုးအစား

(က) ကုန်ထုတ်လုပ်မှု ....ပလပ်စတစ်အိတ်နှင့် မျှော့ကြိုးကဲ့သို့ ဆက်စပ်သုံး ထုတ်ကုန်များ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း။

....

(ခ) ထုတ်လုပ်မှုနှင့် ဆက်စပ်သော ဝန်ဆောင်မှုလုပ်ငန်းများ ....

....

(ဂ) ဝန်ဆောင်မှု ....

(ဃ) အခြား ....

မှတ်ချက် အထက်အပိုဒ်(၃)နှင့်စပ်လျဉ်း၍ လုပ်ငန်းသဘောသဘာဝ ရှင်းလင်းချက် တင်ပြရန်

၄။ ဖွဲ့စည်းမည့် စီးပွားရေး အဖွဲ့အစည်းပုံသဏ္ဌာန်

(က) ရာခိုင်နှုန်းပြည့် ....

(ခ) ဖက်စပ်ပြုလုပ်ခြင်း

(၁) နိုင်ငံခြားသားနှင့် နိုင်ငံသား ....**95% & 5%**........

(၂) နိုင်ငံခြားသားနှင့် အစိုးရဌာန/အဖွဲ့အစည်း ....

....

(ဂ) ပဋိညာဉ်စာချုပ်ဖြင့် ဆောင်ရွက်ခြင်း

(၁) နိုင်ငံခြားသားနှင့် နိုင်ငံသား ....

(၂) နိုင်ငံခြားသားနှင့် အစိုးရဌာန/အဖွဲ့အစည်း ....

....

မှတ်ချက် အထက်အပိုဒ်(၄)နှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို ပူးတွဲတင်ပြရပါမည်-

(၁) ပြည်တွင်းနှင့်ပြည်ပမှ ထည့်ဝင်မည့် မတည်ငွေရင်း အချိုးကို ဖော်ပြပြီး၊ ယင်းကုမ္ပဏီကို စီမံ ခန့်ခွဲမည့်သူများ၏ အမည်၊ မည်သည့်နိုင်ငံသား၊ နေရပ်လိပ်စာနှင့် ရာထူးအမည်

(၂) ဖက်စပ်စာချုပ် (မူကြမ်း) တင်ပြရန်နှင့် နိုင်ငံတော်နှင့်ပတ်သက်လျှင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်

(၃) ပဋိညာဉ် (စာချုပ်) (မူကြမ်း)

၅။ ကုမ္ပဏီဖွဲ့စည်းခြင်းနှင့်သက်ဆိုင်သောအချက်အလက်များ

(က) ခွင့်ပြုမတည်ငွေရင်း US$ 50,000,000

(ခ) အစုရှယ်ယာအမျိုးအစား 50,000,000 ordinary shares of US$ 1 each

(ဂ) အစုရှယ်ယာဝင်များက ထည့်ဝင်မည့် အစုရှယ်ယာပမာဏ 6.44 % of Authorized capital

မှတ်ချက် အထက်အပိုဒ်(၅)နှင့်စပ်လျဉ်း၍ ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်း/သင်းဖွဲ့စည်းမျဉ်း တင်ပြရန်

၆။ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့် ကုမ္ပဏီ/လုပ်ငန်း (မတည်ငွေရင်း)နှင့်သက်ဆိုင်သော အချက်အလက်များ-

	ကျပ်/US$ (သန်းပေါင်း)
(က) ပြည်တွင်းမှထည့်ဝင်မည့် မတည်ငွေရင်း ပမာဏ/ရာခိုင်နှုန်း	USD 0.1610 (5%)
(ခ) နိုင်ငံခြားမှ ယူဆောင်လာမည့် မတည်ငွေရင်း ပမာဏ/ရာခိုင်နှုန်း	USD 3.0590 (95%)
စုစုပေါင်း	USD 3.2200 (100%)

(ဂ) အဆိုပြု မတည်ငွေရင်း နှစ်အလိုက်ထည့်ဝင်မည့် အခြေအနေ/ယူဆောင်လာမည့်ကာလ
မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှခွင့်ပြုမိန့်ရရှိပြီး (၁)နှစ်အတွင်း

(ဃ) အဆိုပြု မတည်ငွေရင်း အပြည့်အဝ ထည့်ဝင်မည့် နောက်ဆုံးရက် သတ်မှတ်ချက်
(၂)နှစ်အတွင်း

(င) ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုသည့် သက်တမ်း 50 years.
Extenable to two 10-year terms subject to approval by Myanmar Investment Commission.

(စ) တည်ဆောက်မှုစတင်မည့်အချိန် Within 6-months from the date of issue of MIC Permit

(ဆ) တည်ဆောက်မှုကာလ ခန့်မှန်း (၁) နှစ်ခန့်ကြာမြင့်မည်

မှတ်ချက် အထက်အပိုဒ်(၆)(ဂ)နှင့်စပ်လျဉ်း၍ လိုအပ်ပါက နောက်ဆက်တွဲဖြင့် ဖော်ပြပါရန်

၇။ နိုင်ငံခြားမှ ယူဆောင်လာမည့် မတည်ငွေရင်း၏ အသေးစိတ်စာရင်း -

	နိုင်ငံခြားငွေ (သန်းပေါင်း)	ညီမျှသည့် ခန့်မှန်းငွေကျပ် (သန်းပေါင်း)
(က) နိုင်ငံခြားငွေ (အမျိုးအစားနှင့် တန်ဖိုးပမာဏ)	0.1500	187.50
(ခ) စက်ပစ္စည်းများ တန်ဖိုးပမာဏ Imported- Please See Exhibit -(2)	0.6692	836.50
(ဂ) စက်ပစ္စည်းနှင့်စက်အပိုပစ္စည်းများတန်ဘိုး Please See Exhibit	-	-

(ဃ)	ကုန်ကြမ်းပစ္စည်းများတန်ဘိုးပမာဏ **Imported - Please See Exhibit - (12)**	2.2398	2,799.75
(င)	လျှပ်စစ်ပစ္စည်းများ၏တန်ဖိုးပမာဏ **Please See Exhibit - ( )**	-	-
(စ)	ပရိဘောဂများ၏ တန်ဖိုးပမာဏ **Please See Exhibit - ( )**	-	-
(ဆ)	မော်တော်ကားတန်ဘိုးပမာဏ **Please See Exhibit - ( )**	-	-
		-	-
	စုစုပေါင်း	**3.0590**	**3,823.75**

မှတ်ချက်   အထက်အပိုဒ် ၇(ဃ)(င)တို့နှင့်စပ်လျဉ်း၍ အသုံးပြုခွင့်အထောက်အထားများပူးတွဲတင်ပြရန်

၈။ ပြည်တွင်းမှထည့်ဝင်မည့် မတည်ငွေရင်း၏ အသေးစိတ်-

		ကျပ်(သန်းပေါင်း)	ညီမျှသော အမေရိကန်ဒေါ်လာ (သန်းပေါင်း)
(က)	ငွေပမာဏ	-	-
(ခ)	စက်ပစ္စည်းကိရိယာများ တန်ဖိုးပမာဏ	-	-
(ဂ)	လျှပ်စစ်ပစ္စည်းများတန်ဘိုးပမာဏ **Imported - Please See Exhibit - (2A)**	39.375	0.0315
(ဃ)	အဆောက်အအုံပြင်ဆင်မှုကုန်ကျစရိတ် **Please See Exhibit - (3)**	47.500	0.0380
(င)	ပရိဘောဂနှင့်လုပ်ငန်းသုံးပစ္စည်းများတန်ဘိုး	-	-
(စ)	မော်တော်ကားများ တန်ဘိုးပမာဏ **Local - Please See Exhibit - (2B)**	114.375	0.0915
(ဆ)	အခြား	-	-
	စုစုပေါင်း	**201.250**	**0.1610**

၉။ ဆောင်ရွက်မည့် စီးပွားရေးအဖွဲ့အစည်းနှင့် သက်ဆိုင်သော အချက်အလက်များ

(က) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်ဒေသ(များ)/တည်နေရာ အမှတ်-(၂၅၆)၊ မြေတိုင်းရပ်ကွက်အမှတ်-(၂၅)၊ မက္ခရာမင်းသားကြီးမောင်ပျိုးလမ်း၊ ရွှေလင်ပန်းစက်မှုဇုံ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(ခ) မြေ သို့မဟုတ် မြေနှင့်အဆောက်အအုံ နေရာအမျိုးအစားနှင့် အကျယ်အဝန်းလိုအပ်ချက်

(၁) တည်နေရာ ရန်ကုန်တိုင်းဒေသကြီး

(၂) မြေ/အဆောက်အအုံ အကျယ်အဝန်း၊ အရေအတွက်
မြေ - ၁. ၃၄၅ ဧက (၅,၄၄၃. ၀၃ စတုရန်းမီတာ)

(၃) လက်ရှိပိုင်ဆိုင်သူ ....

(ကက) အမည်/ကုမ္ပဏီအမည်/ဌာန .... ဒေါ်မာရီအာရကျွန်း

(ခခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် .... ၁၂/သလန (နိုင်) ၀၇၃၉၃၄

(ဂဂ) နေရပ်လိပ်စာ .... အမှတ်-(၁၅)၊ သာခုလမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်။

....

(၄) မြေအမျိုးအစား .... ဂရန်မြေ

(၅) မြေငှားဂရန် ခွင့်ပြုကာလ .... -

(၆) ငှားရမ်းမည့်ကာလ .... မှ .... ထိ (   )နှစ်

.... ကနဦး (၁၀)နှစ်၊ (၁၀)နှစ်သက်တမ်းတိုးနှစ်ကြိမ်

(၇) ငှားရမ်းခနှုန်းထား .... **US$ 28,303.74 per annum for first (10) years**

.... **(US$ 5.20 per sq mtr / per year)**

(ကက) မြေ .... ၁. ၃၄၅ ဧက (၅,၄၄၃. ၀၃ စတုရန်းမီတာ)

(ခခ) အဆောက်အအုံ ....

(၈) ရပ်ကွက် .... ရွှေလင်ပန်းစက်မှုဇုံ

(၉) မြို့နယ် .... လှိုင်သာယာမြို့နယ်

(၁၀) ပြည်နယ်/တိုင်းဒေသကြီး .... ရန်ကုန်တိုင်းဒေသကြီး

(၁၁) ငှားရမ်းမည့်ပုဂ္ဂိုလ် .... **MR. ZHANG, BUZHONG**

(ကက) အမည်/ကုမ္ပဏီအမည်/ဌာန .... **JIA LONG PLASTIC PRODUCTS**

.... **(MYANMAR) COMPANY LIMITED**

(ခခ) အဖအမည် .... **MR. ZHANG, LI PEI**

(ဂဂ) နိုင်ငံသား .... **CHINESE**

(ဃဃ) နိုင်ငံကူးလက်မှတ်အမှတ် .... **E 55955778**

(ငင) နေရပ်လိပ်စာ .... **Group One of Feng Village, Zuxi Twon of Kai**

Xian, Chong Qing City, China.

တ်ချက် အထက်အပိုဒ် ၉(ခ)နှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို ပူးတွဲတင်ပြရပါမည်-

(၁) မြေပိုင်ဆိုင်မှု/မြေဂရန်အထောက်အထားနှင့် မြေပုံ ပူးတွဲ တင်ပြရန်

(၂) မြေငှားစာချုပ် (မူကြမ်း) တင်ပြရန် နှင့် နိုင်ငံတော်နှင့် ပတ်သက်လျှင် ပြည်ထောင်စု ရှေ့နေ ချုပ်ရုံး၏ သဘောထားမှတ်ချက်တင်ပြရန်

ဂ) ဆောက်လုပ်မည့်အဆောက်အအုံလိုအပ်ချက်

(၁) အဆောက်အဦ အမျိုးအစား/အရေအတွက် ....

Factory - (80' x 120') One Storyed

Office - (20' x 40') One Storyed

(၂) အကျယ်အဝန်း ....

ဃ) ထုတ်လုပ်မည့် ကုန်ပစ္စည်း/ဝန်ဆောင်မှု ....

(၁) ထုတ်လုပ်မည့် ပစ္စည်း .... ပလပ်စတစ်အိတ်နှင့် မျှော့ကြိုးကဲ့သို့ ဆက်စပ်သုံး ထုတ်ကုန်များ

(၂) နှစ်စဉ်ထုတ်လုပ်မည့် ခန့်မှန်းအရေအတွက် ....

(၃) ဝန်ဆောင်မှုအမျိုးအစား ....

(၄) နှစ်စဉ်ဝန်ဆောင်မှု ခန့်မှန်းတန်ဖိုး ....

မှတ်ချက် အထက်အပိုဒ် ၉(ဃ)နှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များကို ပူးတွဲတင်ပြပါရန်

(င) နှစ်စဉ် လုပ်ငန်းသုံးပစ္စည်း/ကုန်ကြမ်းလိုအပ်ချက်

မှတ်ချက် အထက်အပိုဒ် ၉(င)နှင့်စပ်လျဉ်း၍ အမျိုးအစား/အရေအတွက်/တန်ဖိုး/လုပ်ငန်းဆိုင်ရာ နည်းပညာ စံချိန်စံညွှန်းကန့်သတ်ချက်တို့ကို စာရင်းပြုစု၍ အသေးစိတ်အချက်အလက်များကို ပူးတွဲတင်ပြပါရန်

(စ) ထုတ်လုပ်မည့် နည်းစနစ် ....

(ဆ) အသုံးပြုမည့် နည်းပညာ ....

(ဇ) ရောင်းချမည့် နည်းစနစ် .... Local Sales 100%

....

(ဈ) နှစ်စဉ် စက်သုံးဆီ လိုအပ်ချက် .... 1- Diesel 28,000 Gallons/year
(အမျိုးအစား/အရေအတွက် ဖော်ပြရန်) 2- Petrol 5,200 Gallons/year

(ည) နှစ်စဉ် လျှပ်စစ်ဓါတ်အား လိုအပ်ချက် .... 85,000 KWH / year

(ဋ) နှစ်စဉ် ရေ လိုအပ်ချက် .... 42,000 CBM / year
(နေ့စဉ်ရေလိုအပ်ချက်ရှိလျှင် ဖော်ပြရန်)

၁၀။ ငွေကြေးပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အသေးစိတ်ဖော်ပြချက်-

(က) အမည်/ကုမ္ပဏီအမည် .... (1) MR. ZHENG, HUAIGUO
.... (2) MR. ZHANG, BUZHONG
.... (3) DAW EI EI WIN

(ခ) နိုင်ငံသား စိစစ်ရေးကဒ်အမှတ်/နိုင်ငံကူးလက်မှတ်အမှတ် ....

(ဂ) ဘဏ်စာရင်းအမှတ် ....
(1) Cambodian Public Bank (Bank A/C No.090-02-10-00285-1)
(2) Bank of China (Bank A/C No.5502 1001)
(3) AYA Bank (Bank A/C No. 0142-2-01-01-000583-4)

မှတ်ချက် အထက်အပိုဒ် ၁၀ နှင့်စပ်လျဉ်း၍ မိခင်နိုင်ငံရှိ ဘဏ်ထောက်ခံချက် သို့မဟုတ် မိခင်ကုမ္ပဏီ၏ စာရင်းစစ်ပြီးသည့် နှစ်ချုပ်စာရင်း ပူးတွဲ တင်ပြရန်

၁၁။ ဆောင်ရွက်မည့် စီးပွားရေးအဖွဲ့အစည်းတွင် လိုအပ်မည့် အမှုထမ်းများစာရင်း- (ပထမနှစ်အတွက်)

(က) ပြည်တွင်းမှ လိုအပ်မည့် အမှုထမ်းများ (60)ဦး (86 %)

(ခ) ပြည်ပမှ လိုအပ်မည့် ကျွမ်းကျင်သူနှင့် အတတ်ပညာရှင်များ (10)ဦး (14 %)
(အင်ဂျင်နီယာ၊ QC၊ Buyer၊ စီမံခန့်ခွဲရေး စသည့် လုပ်ငန်းသဘာဝပေါ်မူတည်၍ လိုအပ်သည့် ကာလအပိုင်းအခြားပါ ဖော်ပြရန်)

မှတ်ချက် အထက်အပိုဒ် ၁၁ နှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို ပူးတွဲတင်ပြရပါမည်။

(၁) အရေအတွက်၊ ရာထူး၊ လစာနှုန်း စသည့်အချက်များ

(၂) အမှုထမ်း/ ဝန်ထမ်းလုပ်သားများ၏ လူမှုဖူလုံရေး၊ သက်သာချောင်ချိမှု ဆောင်ရွက်မည့် အစီအမံများ

(၃) နိုင်ငံခြားသားမိသားစုပါ/မပါ

၁၂။ စီးပွားရေး တွက်ခြေကိုက်မှုနှင့် စပ်လျဉ်းသော အချက်အလက်များ-

		နိုင်ငံခြားငွေ	ညီမျှသည့် ခန့်မှန်းကျပ်ငွေ
(က)	နှစ်စဉ် ဝင်ငွေရရှိမှု	Please see Exhibit (6)	
(ခ)	နှစ်စဉ် လုပ်ငန်းကုန်ကျစရိတ်	Please see Exhibit (6)	
(ဂ)	နှစ်စဉ် အသားတင်အမြတ်	Please see Exhibit (6)	
(ဃ)	နှစ်အလိုက် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး		
(င)	အရင်းကြေကာလ	6 years & 11 months Please see Exhibit (8)	
(စ)	အခြားအကျိုးအမြတ်များ		

(အသေးစိတ်တွက်ချက်ပုံနည်းစနစ်ကိုပူးတွဲဖော်ပြရန်)။

၁၃။ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း

(က) သဘာဝပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း ဆောင်ရွက်မည့် အဖွဲ့အစည်း

(ခ) သဘာဝပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း ဆောင်ရွက်မည့် ကာလ

(ဂ) သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအတွက် ပေးလျော်မှု အစီအစဉ်

(ဃ) ရေသန့်စနစ်နှင့် ရေဆိုးစွန့်ထုတ်မည့် အစီအစဉ်

(င) အညစ်အကြေး အမှိုက်စွန့်ပစ်မည့် အစီအစဉ်

(စ) ဓာတုပစ္စည်းများ အသုံးပြုပါက သိုလှောင်ထိန်းသိမ်းမည့် အစီအစဉ်

၁၄။ လူမှုစီးပွားရေးဆိုင်ရာ သက်ရောက်မှုများ ဆန်းစစ်ခြင်း

(က) လူမှုစီးပွားရေးဆိုင်ရာ သက်ရောက်မှုများ ဆန်းစစ်ခြင်း ဆောင်ရွက်မည့် အဖွဲ့အစည်း

(ခ) လူမှုစီးပွားရေးဆိုင်ရာ သက်ရောက်မှုများ ဆန်းစစ်ခြင်း ဆောင်ရွက်မည့် ကာလ

(ဂ) လူမှုပတ်ဝန်းကျင်အား အထောက်အပံ့ပြုမည့် အစီအစဉ်

လက်မှတ် .... (signature)

အမည် MR. ZHANG, BUZHONG

ရာထူး Promoter

JIA LONG PLASTIC PRODUCTS

(MYANMAR) COMPANY LIMITED

Form (1)

Proposal Form of Investor / Promoter for the investment to be made in the Republic of the Union of Myanmar

To,

Chairman

Myanmar Investment Commission

Reference No.

Date. , **October ' 2016.**

I do apply for the permission to make investment in the Republic of the Union of Myanmar in accordance with the Foreign Investment Law by furnishing the following particulars :-

1. The Investor's or Promoter's :-
   - (a) Name .... **MR. ZHANG, BUZHONG**
   - (b) Father's name .... **MR. ZHANG, LI PEI**
   - (c) ID No./National Registration Card No./Passport No........ **E 55955778**
   - (d) Citizenship .... **CHINESE**
   - (e) Address : ....
     - (i) Address in Myanmar ....
     - (ii) Residence abroad .... **Shuang Sheng Xiaing Ta Zi Ya Cun Qi Zhu, Ba Zhong Shi, Ba Zhuo Qi, Si Chuang Sheng, China.**
   - (f) Name of principle organization .... -
   - (g) Type of business .... -
   - (h) Principle company's address : .... -

2. If the investment business is formed under Joint Venture, partners' :-
   - (a) Name .... **DAW EI EI WIN**
   - (b) Father's name .... **U Htan Kyain Phu**
   - (c) ID No./National Registration Card No./Passport No........ **MGK 081194**
   - (d) Citizenship .... **Myanmar**
   - (e) Address : ....
     - (i) Address in Myanmar .... **Building No.(9), Room No.(7), Nawaddy Shop House, Kyan Sit Thar Street, Hlaing Tahr Yar Township, Yangon Region.**
     - (ii) Residence abroad ....

(f) Parent company ....

(g) Type of business ....

(h) Parent company's address : ....

....

Remark : The following documents need to attach according to the above paragraph (1) and (2) :-

(1) Company registration certificate (copy) ;

(2) National Registration Card (copy) and passport (copy);

(3) Evidences about the business and financial conditions of the participants of the proposed investment business ;

3. Type of proposed investment business :-

(a) Manufacturing .... **Manufacturing and Marketing of Polybag and Related Products such as Elastic Band**

....

(b) Service business related with manufacturing ....

....

(c) Service ....

(d) Others ....

Remark : Expressions about the nature of business with regard to the above paragraph (3)

4. Type of business organization to be formed :-

(a) One hundred percent ....

(b) Joint Venture :

(i) Foreigner and citizen .... **95% & 5%**

(ii) Foreigner and Government department / organization ....

....

(c) By contractual basis :

(i) Foreigner and citizen ....

(ii) Foreigner and Government department / organization ....

....

Remark : The following information needs to attach for the above paragraph (4) :-

(i) Share ratio for the authorized capital from abroad and local, names, citizenships, addresses and occupations of the directors ;

(ii) Joint Venture Agreement (Draft) and recommendation of the Union Attorney General Office if the investment is related with the State ;

(iii) Contract (Agreement) (Draft)

5. Particulars relating to company incorporation

(a) Authorized capital ....**US$ 50,000,000**

(b) Type of share ....**50,000,000 ordinary shares of US$ 1 each**

(c) Number of shares ....

..........**6.44 % of Authorized capital**

Remark : Memorandum of Association and Articles of Association of the Company shall be submitted with regard to above paragraph (5)

6. Particulars relating to capital of the investment business

		Kyat / US$ (Million)
(a)	Amount/percentage of local capital to be contributed	USD 0.1610 (5%)
(b)	Amount/percentage of foreign capital to be brought in	USD 3.0590 (95%)
	Total	USD 3.2200 (100%)

(c) Annually or period of proposed capital to be brought in
Within one year as soon as MIC approval

(d) Last date of capital brought in
Within two years

(e) Proposed duration of investment .....**50 years.**
Extenable to two 10-year terms subject to approval by Myanmar Investment Commission.

(f) Commencement date of construction **Within 6-months from the date of issue of MIC Permit**

(g) Construction period ....**Within One Year**

Remark : Describe with annexure if it is required for the above Para 6 (c)

7. Detail list of foreign capital to be brought in -

		Foreign Currency (Million)	Equivalent Kyat (Million)
(a)	Foreign currency (Type and amount)	0.1500	177.00
(b)	Value of Machinery and Equipment **Imported -Please See Exhibit -(2)**	0.6692	1,982.40
(c)	Value of Machinery (Spare Parts) **Please See Exhibit - ( )**	-	-

(d)	Value of Raw Materials		
	Imported - Please See Exhibit -(12)	2.2398	2,799.75
(e)	Value of Electrical Materials		
	Please See Exhibit -( )	-	-
(f)	Value of Furniture & Fixtures		
	Please See Exhibit - ( )	-	-
(g)	Value of Motor Vehicles		
	Please See Exhibit - ( )	-	-
		-	-
	Total	3.0590	3,823.75

Remark: The evidence of permission shall be submitted for the above para 7 (d) and (e).

8. Details of local capital to be contributed -

		Kyat (Million)	Equivalent In US$ (Million)
(a)	Amount	-	-
(b)	Value of machinery and equipment	-	-
(c)	Value of Electrical Materials		
	Imported - Please See Exhibit -(2A)	39.375	0.0315
(d)	Cost of building decoration		
	Please See Exhibit -(3)	47.500	0.0380
(e)	Value of furniture and assets	-	-
(f)	Value of Motor Vehicles		
	Local - Please See Exhibit -(2B)	114.375	0.0915
(g)	Others	-	-
	Total	201.250	0.1610

9. Particulars about the investment business :-

